# ရွှေအင်းလေး စာပေတိုက်၏ အမှာစကား

သူရိယနေဝန်းဂျာနယ်တိုက်သို့ ပထမဦးဆုံးပေးပို့လာသည့် ကြိုးစင်ပေါ်က ဧရာဝတီဆောင်းပါးကို ဖတ်ရှုနေရင်း လွန်ခဲ့သည့်နှစ်ပေါင်းများစွာက မြန်မာ့အသံရေဒီယိုမှ မကြာခဏ ထုတ်လွှင့်လေ့ရှိသော ဧရာဝတီ၏ ဂုဏ်ကျေးဇူးကို ဖော်ညွှန်းသည့်သီချင်းတစ်ပိုင်းတစ်စကို ပြန်လည်သတိရမိသည်။

. . . မေခ မလိခမြစ်နှစ်သွယ်စုံညီ. . အကြောင်းဆက်ပေါင်းဖက်ရာမှာ အတည်. . ရွှေငွေမွေးဖွား အမွေပေးသလား ထင်မိပေ. . ။

တို့ပြည်သူတွေ. . . . . ချမ်းသာကြွယ်ဝပေ

တို့ပြည်သူတွေ. . . . . . ချမ်းသာကြပါပေ

မိခင်ဧရာဝတီမြစ်ကြီး၏ကျေးဇူးတရားကြီးမားတန်ဖိုးရှိပုံကို တေးရေးသူက ရေးဖွဲ့စပ်ဆိုခဲ့ခြင်း ဖြစ်သည်။

- ဧရာဝတီမြစ်သည် ကချင်ပြည်နယ်အတွင်း၌ အရှေ့ဘက်မှ မေခမြစ် (N' mai Hka)နှင့် အနောက်ဘက်မှ (Mali Hka)တို့ ပေါင်းစပ်ပြီး စီးဆင်းလာသည်။
- မေခသည် မြောက်လတ္တီကျု ၂၈ ဒီဂရီ မျဉ်းအနီး၊ တိဗက်ကုန်းမြင့်နှင့် ဆီးနှင်းရေခဲအမြဲ ဖုံးလွှမ်းထားသော တီလာကုန်းနိုင်ဒေသ (Tila Massif) လန်ဂီလာရေခဲမြစ် (Languela Glacier)မှ မြစ်ဖျားခံ၍ တောင်ဘက်သို့ စီးဆင်းလာခဲ့သည်။
- မလိခသည်လည်း မြောက်လတ္တီကျု ၂၆ ဒီဂရီမျဉ်းအနီး၊ ကွမ်ရောင်တောင်ကြားလမ်း၀၊ ဖွန်ဂန်တောင်ထိပ်ပေါ်မှ အခြေခံ မြစ်ဖျားခံခဲ့ပြီး တောင်ဘက်သို့စီးဆင်းလာခဲ့သည်။ မေခ-မလိခ မြစ်နှစ်သွယ်တို့သည် မြစ်ဆုံတွင် ပေါင်းဖက်ပြီး ဧရာဝတီမြစ်ကြီးကို မွေးဖွားသန္ဓေစင်ပေးခဲ့သည်။
- မြန်မာနိုင်ငံဆိုသည်မှာ ဧရာဝတီ၊
- ဧရာဝတီဆိုသည်မှာ မြန်မာနိုင်ငံ၊
- ဧရာဝတီသည် မြန်မာနိုင်ငံ၏ အသက်သွေးကြော (Life Artery) ဖြစ်သည်။
- ဧရာဝတီမြစ်သည် ၂၁၇၀ ကီလိုမီတာ (၁၃၄၈ မိုင်) ခန့်ရှည်လျားပြီး မြန်မာနိုင်ငံ၏ အရှည်လျားဆုံး မြစ်ကြီးဖြစ်သည်။
- ဧရာဝတီသည် နိုင်ငံများစွာကို ဖြတ်သန်းစီးဆင်းခြင်းမပြုဘဲ မြန်မာတစ်နိုင်ငံတည်း၏ အချုပ်အခြာ အာဏာပိုင်နက်အတွင်း တည်ရှိပြီး လွတ်လပ်စွာ စီးဆင်းနေခြင်းမှာ ထူးခြားသည့် ဝိသေသလက္ခဏာ တစ်ရပ်ဖြစ်သည်။
- ဧရာဝတီကို မြန်မာနိုင်ငံ၏ အမျိုးသားမြစ်ကြီး (The National River of Myanmar) ဟု ခေါ်နိုင်သည်။

ကြိုးစင်ပေါ်က ဧရာဝတီဆောင်းပါးကို ဖတ်ကြည့်သောအခါ ဆောင်းပါးရှင်သည် ဧရာဝတီ မြစ်ကြီးကို ရှူးရှူး သွပ်သွပ်စွဲလမ်းချစ်မြတ်နိုးသူဖြစ်ကြောင်းသိရပြီး၊ ဧရာဝတီမြစ်ကြီးစတင်မွေးဖွားရာ မေခ-မလိခမြစ်ဆုံနေရာ နှင့်မြစ်ဆုံအထက်ပိုင်းနေရာများတွင် ရေကာတာ ရှစ်ခုဆောက်လုပ်ပြီး လျှပ်စစ်ရောင်းစားမည့်စီမံကိန်းကို မြန်မာနိုင်ငံအမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ CPI (China Power Investment) တို့သည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင်နားလည်မှုစာချွန်လွှာ(MoU) ချုပ်ဆိုခဲ့ကြောင်း၊ ယင်းစီမံကိန်းကြောင့် မြန်မာနိုင်ငံ၏အသက်သွေးကြောသဖွယ် ဖြစ်သောဧရာဝတီမြစ်ကြီး ရေများခန်းခြောက်ကာ၊ တိမ်ကော ပျောက်ကွယ်သွားမည့်အကြောင်းတို့ကို ပြင်းပြင်းထန်ထန် ဝေဖန်ကန့်ကွက်ထောက်ပြထားသည်။ ထို့အပြင် တိုက်တိုက်ဆိုင်ဆိုင်ပင် ယင်းစာချုပ်ချုပ်ဆိုသည့်ရက်စွဲမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်ရဲဘော်သုံးကျိပ်တို့ လက်မောင်းသွေးဖောက်ပြီး မြန်မာ့လွတ်လပ်ရေးတပ်မတော် BIA(Burma Independence Army) ကို စတင်ထူထောင် ခဲ့သည့် ၁၉၄၁ ခုနှစ်၊ဒီဇင်ဘာလ ၂၈ရက်နေ့နှင့်တွက်ကြည့်ပါက နှစ်ပေါင်း ၆၅နှစ်ကြာပြီးရက်၊ လတို့ တစ်ထပ်တည်းတူညီနေကြောင်းကိုလည်း ရှာဖွေတင်ပြထားသည်။ ယင်းစာမူကို ဖတ်ကြည့်ပြီးနောက် ဆောင်းပါးရှင်၏ရင်ထဲတွင် ဧရာဝတီအကြောင်း ပြောစရာတွေ အများအပြားရှိမည်ဟု မျှော်လင့်ပြီး သူရိယနေဝန်းဂျာနယ်တွင် စတင်ဖော်ပြခဲ့သည်။

နောက်ရက်တွင် ဆောင်းပါးရှင်နှင့်တွေ့ဆုံပြီး စကားပြောဆိုဆွေးနွေးကြည့်ရာ ထင်ထားသည့် အတိုင်းပင် ဧရာဝတီမြစ်ကြီးသာမက ဧရာဝတီမြစ်ကြီး၏ မိဘဘိုးဘွားဘီဘင်များဖြစ်သည့် ကချင်ပြည်နယ် မြစ်ချောင်းများ၊ ရေခဲတောင်များအကြောင်းကို စေ့စေ့ငုငုလေ့လာနေသူဖြစ်ကြောင်းသိရ၍ ကြိုးစင်ပေါ်က ဧရာဝတီအား အခန်းဆက်ရေးပေးပါရန် မေတ္တာရပ်ခံခဲ့ရာမှ သူရိယနေဝန်းဂျာနယ်တွင် အခန်းဆက် ရေးလာခဲ့ခြင်းဖြစ်ပါ သည်။ ကြိုးစင်ပေါ်က ဧရာဝတီဆောင်းပါးကို စာဖတ်သူများတစ်စုတစ်စည်းတည်း ဖတ်ရှုနိုင်ရန် အပိုင်း (၁) အနေဖြင့် ထုတ်ဝေရခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် မည်သည့်မျှော်လင့်ချက်မျိုးမှ မထားရှိဘဲ အခုထုတ်ဝေလိုက်သည့်ကြိုးစင်ပေါ်က ဧရာဝတီစာအုပ်သည် သေမိန့်စောင့်စားနေရရှာသည့် ကြိုးစင်ပေါ်က မိခင်ဧရာဝတီမြစ်ကြီးခမျာ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရန် တစ်တပ်တစ်အားပါဝင်တိုက်ပွဲဝင်ခြင်းဖြစ်သည်ဟု စာဖတ်သူများ သိမြင်ပါက ထုတ်ဝေရကျိုးနပ်သည်ဟု ခံယူပြီး ထုတ်ဝေရခြင်းဖြစ်ပါသည်။

မင်းခင်ဆိုတာ ဗီယက်နမ်လို မြန်မာလို့ အဓိပ္ပာယ်ရတယ်။ အရေးတော်ပုံတပ်သားမင်းခင်ဆိုတာ မြန်မာနိုင်ငံတော်အရေး၊ ဧရာဝတီအရေးတွေမှာ မထင်မရှား သာမန်တပ်သားလေးတစ်ဦးအနေဖြင့် ပါဝင်ဆင်နွှဲနေသူဖြစ်ပြီး အရေးတော်ပုံတပ်သားမင်းခင်၏ ကြိုးစင်ပေါ်က ဧရာဝတီကြောင့် သေမိန့် စောင့်စားနေရတဲ့ မိခင်ဧရာဝတီမြစ်ကြီး ကြိုးစင်ပေါ်မှ လွတ်မြောက်နိုင်ပါစေ. . ။

*ဦးခင်အေး*

*ရွှေအင်းလေးစာပေတိုက်*